Absolutely Positively **Wellington** City Council
Me Heke Ki Pōneke

# Te Toi Mahana ထံသို့အိမ်ရှင်လွှဲပြောင်းခြင်း
**(လူမှုအသိုက်အဝန်း အိမ်ရာချပေးသည့် အဖွဲ့အစည်း)**
**အိမ်ငှါး အချက်အလက် စာစောင် (၂၀၂၃ ခုနှစ် ဇူလိုင်လ)**

၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ လူမှုအသိုက်အဝန်း အိမ်ရာချပေးသည့် အဖွဲ့အစည်းအသစ် ဖြစ်သော Te Toi Mahana သည်သင်၏ အိမ်ရှင်ဖြစ်လာပါမည်။ ဤပြောင်းလဲချက်အကြောင်း အရေးကြီးသော သတင်းအချက်အလက်အချို့ အောက်ပါအတိုင်း ရှိပါသည်။

## ကျွန်ုပ်၏ အိမ်ငှါးစာချုပ် ပြောင်းလဲမည်လား။

မပြောင်းလဲပါ။ သင်၏ အိမ်ငှါးစာချုပ်ကို ဝယ်လင်တန်မြို့ကောင်စီ (Wellington City Council) မှ Te Toi Mahana ထံသို့ လွှဲပြောင်းသွားပါမည်။ သင် အိမ်လခ အတူတူနှင့် အိမ်ငှါးစည်းကမ်းချက်များ အတူတူရရှိပါမည်။ ဤကိစ္စ တရားဝင် အတည်ပြုရန် သင့်ထံ ကျွန်ုပ်တို့ ဇူလိုင်လတွင် စာရေးပို့ပါမည်။ အိမ်ငှါး စာချုပ် အသစ် သင် လက်မှတ်ထိုးရန်လိုမည် မဟုတ်ပါ။ သင်၏ အိမ်ငှါးရမ်းထားခြင်းမှာ ခိုင်လုံပါသည်။

## ဩဂုတ်လ ၁ ရက်နေ့ နောက်ပိုင်း မည်သူ့ထံ အိမ်လခ ပေးရပါမည်နည်း။

ဩဂုတ်လ ၁ ရက်နေ့ နောက်ပိုင်း Te Toi Mahana ထံသို့ သင့်အိမ်လခကို ပေးရန်လိုအပ်ပါသည်။ သင် အိမ်လခပေးနေရသည့် ဘဏ်စာရင်းနံပါတ်ကို ပြောင်းပေးရန် လိုအပ်ပါမည်။ ဩဂုတ်လ ၁ ရက်နေ့ နောက်ပိုင်း အိမ်လခ ပေးရမည့် ဘဏ်စာရင်းမှာ -

Te Toi Mahana ဘဏ်စာရင်း- **01 - 1839 - 0947157 - 02**

## အိမ်ငှားစပေါ်ငွေဘာဖြစ်သွားမည်နည်း။

သင့် အိမ်ငှားစပေါ်ငွေကို မြို့ပြအိမ်ရာဌာန (City Housing) မှ Te Toi Mahana ထံသို့ လွှဲပြောင်းပေးလိုက်ပါမည်။ သင် ဘာမျှလုပ်ရန် မလိုအပ်ပါ။ အိမ်ငှားစပေါ်ငွေ အားလုံးကို အိမ်ငှါး ဝန်ဆောင်ဌာန (Tenancy Services) က ဆက်လက်၍ ကိုင်တွယ်ထားပါလိမ့်မည်။

## အိမ်လခ ထပ်တိုးမည်လား။

လက်ရှိ အိမ်လခထပ်တိုးခြင်းရပ်ဆိုင်းမှုကို ၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ ဆက်လက်တည်ရှိပါမည်။ ထိုနေ့ရက်နောက်ပိုင်း အိမ်လခ အပြောင်းအလဲကိစ္စတစုံတရာမှာ Te Toi Mahana ၏ ဆုံးဖြတ်ချက်အပေါ် မူတည်ပါလိမ့်မည်။ အကယ်၍ သင့် အိမ်လခ အပြောင်းအလဲရှိလျှင် သင့်အား သုံးလကြိုတင်၍ အကြောင်းကြားပါလိမ့်မည်။

## 80+ အိမ်လခ ထပ်တိုးခြင်းကိုရပ်ဆိုင်းမှု နှင့် အခြား အိမ်လခ အနေအထားများမှာ ဆက်လက်တည်ရှိနေမည်လား။

ဟုတ်ပါသည်။ ပေးရန်တတ်နိုင်သည့် အိမ်လခ ကန့်သတ် စိုက်ပေးငွေ၊ အိမ်လခ ပမာဏကန့်သတ်ချက်များ၊ နှင့် 80+အိမ်လခ ထပ်တိုးခြင်းကိုရပ်ဆိုင်းမှုတို့ကို Te Toi Mahana ထံသို့ လွှဲပြောင်းပေးပါမည်။

## Te Toi Mahana ကို မည်သို့ဆက်သွယ်ရမည်နည်း။

ဩဂုတ်လ ၁ ရက်နေ့မှစ၍ သင် Te Toi Mahana ကို အောက်ပါအတိုင်း ဆက်သွယ်နိုင်သည်-

ဖုန်း- 0800 248 944

အီးမေးလ် - info@tetoimahana.org.nz

ဝက်ဘ်ဆိုက်- www.tetoimahana.org.nz

လိပ်စာ- Te Toi Mahana, DX Mail SP2550, Wellington, 6011

## အလုပ်နှင့်ဝင်ငွေ အိမ်ရာ အပိုထောက်ပံ့ကြေးများမှာ Te Toi Mahana သို့လွှဲပြောင်းခြင်းအားဖြင့် ထိခိုက်မှုရှိမည်လား။

မရှိပါ။ သင် အလုပ်နှင့်ဝင်ငွေ /MSD ဌာနကို သင့် အိမ်ရာကုန်ကျစရိတ်များအတွက် မှန်ကန်သော ပံ့ပိုးမှုကို လက်ခံရရှိရန်အတွက် အကြောင်းကြား ပြင်ဆင်ပေးရန် လိုအပ်ပါမည်။

## Manners လမ်းပေါ်ရှိ Wellington City Council Service Centre ကို ကျွန်ုပ် ဆက်လက် အသုံးပြုနိုင်သေးပါသလား။

နောက်ထပ် မကြေငြာမချင်း အသုံးပြုနိုင်သေးပါသည်။ သင် Te Toi Mahana သို့ အိမ်လခ ပေးနိုင်ပါမည်၊ ကားရပ်နားရန် ပါမစ် စီစဉ်နိုင်ပါမည်၊ သို့မဟုတ် Wellington City Council Service Centre ၌ စုံစမ်းမေးမြန်းနိုင်ပါမည်။

## ထိန်းသိမ်းရေးဆိုင်ရာကိစ္စကို မည်သို့ ဆောင်ရွက်ရမည်နည်း။

*၂၀၂၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့ အထိ*

- ကောင်စီ ဖုန်း 04 499 4444 သို့ခေါ်ဆိုပါ၊ သို့မဟုတ်
- wellington.govt.nz/report-a-problem ရှိ Wellington City Council Fixit ပုံစံကို အသုံးပြုပါ၊ သို့မဟုတ်
- FiXiT app တွင် လုပ်ရမည့် ထိန်းသိမ်းရေးဆိုင်ရာကိစ္စကို တင်ပြပါ

*၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍*

- Te Toi Mahana သို့ ဖုန်းခေါ်ဆိုပါ သို့မဟုတ် အီးမေးလ်ပို့ပါ သို့မဟုတ်
- ထိန်းသိမ်းရေးဆိုင်ရာကိစ္စကို သင်၏ အိမ်ငှါးအကြံပေးအရာရှိထံ တင်ပြပါ။

## ကျွန်ုပ်၏ အိမ်ငှါးအကြံပေးအရာရှိမှာ မည်သူဖြစ်မည်နည်း။

City Housing ဝန်ထမ်း အများစုမှာ Te Toi Mahana တွင် အလားတူ အလုပ်တာဝန်များကို လုပ်ဆောင်ပါလိမ့်မည်၊ အိမ်ငှါးအကြံပေးအရာရှိများ၊ လူမှုအသိုက်အဝန်းဖွံ့ဖြိုးရေးအဖွဲ့၊ နှင့် အိမ်ရာထိန်းသိမ်းရေးအဖွဲ့ အပါအဝင်ဖြစ်ကြပါသည်။ Te Toi Mahana သည် ဩဂုတ်လ၌ လွှဲပြောင်းယူလိုက်သည့်အခါ သင်၏ အိမ်ငှါးအကြံပေးအရာရှိကို အတည်ပြုပေးပြီး သင်နှင့် မိတ်ဆက်ပေးပါမည်။

## Te Toi Mahana သည် အိမ်ငှါး အသစ်များကို မည်သို့ ရွေးချယ်မည်နည်း။

Te Toi Mahana သည် အိမ်လစ်လပ်သည့်အခါ MSD ပြည်သူ့အိမ်ရာမှတ်ပုံတင်စာရင်း (MSD Public Housing Register) မှ တစ်ဆင့် အိမ်ငှါးအသစ်များကို ရရှိပါလိမ့်မည်။

## ကြော်ငြာဆိုင်းဘုတ်များကို ပြင်ဆင်မည်လား။

ဟုတ်ပါသည်၊ Te Toi Mahana နှင့်လိုက်ဖက်စေရန် အိမ်အဆောက်အအုံများတွင် ဆိုင်းဘုတ်များကို ပြင်ဆင်တပ်ပါမည်။ ကျွန်ုပ်တို့ Wellington City Council အမှတ်တံဆိပ်ကို ဖယ်ရှားလိုက်ပါမည်။ ၎င်းကိုလုပ်ရန် အချိန်အတန်ကြာမည်ဖြစ်သောကြောင့် အချိန်ကြာလာလျှင် သင် ပြောင်းလဲချက်များကို တွေ့နိုင်ပါလိမ့်မည်။ သင့်အိမ်တွင် အလုပ်လာလုပ်သည့် ကန်ထရိုက်လုပ်သူအချို့သည် ကောင်စီ-အမှတ်တံဆိပ် ယာဉ်များနှင့် ဝတ်စုံများကို လောလောဆယ် အချိန်၌ ဆက်လက် အသုံးပြုနေနိုင်ပါသည်။

## အင်္ဂလိပ်စကား မပြောတတ်သည့် အိမ်ငှါးများအတွက် မည်သည့်ပံ့ပိုးမှု ရှိပါသလဲ။

သင့် ဘာသာစကားဖြင့် အကူအညီ လိုအပ်လျှင်-

- ကောင်စီ ဖုန်း 04 499 4444 သို့ခေါ်ဆိုပြီး စကားပြန်ကို တောင်းဆိုပါ။ ဘာသာစကား အမျိုးပေါင်း ၆၀ ကျော် ရရှိနိုင်ပါသည်
- သင့် အိမ်ငှါးအကြံပေးအရာရှိနှင့် ပြောဆိုပါ၊ ထိုသူက ဘာသာစကား ပံ့ပိုးမှုနှင့် စကားပြန်ကို စီစဉ်ပေးနိုင်ပါသည်။
- ဤအချက်အလက်စာစောင်ကို Te Reo Māori, တရုတ်စကားရိုးရိုး၊ စပိန်၊ အာရပ်၊ ဖါဆီ၊ ဆမိုဝါ၊ တမီးလ်၊ ဟင်ဒီ၊ ခမာ၊ ရုရှား၊ ဆိုမားလီ၊ နှင့် မြန်မာ ဘာသာစကားများဖြင့် ရရှိနိုင်ပါသည်။ ၎င်းကို wellington.govt.nz/community-housing-provider နှင့် အိမ်ငှါး အကြံပေးအရာရှိများထံမှ ရရှိနိုင်ပါသည်။

## မည်သည့်နေရာမှ နောက်ထပ်အချက်အလက်များကို ကျွန်ုပ် ရနိုင်ပါသလဲ။

သင် နောက်ထပ်အချက်အလက်များကို တွေ့နိုင်သည်မှာ-

- အွန်လိုင်း- wellington.govt.nz/community-housing-provider
- သင့် အိမ်ငှါးအကြံပေးအရာရှိထံမှ
- သင့်ထံ ကျွန်ုပ်တို့၏ စာများ
- အိမ်ငှါး သတင်းစာစောင်